# မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ၏ အထူးအခွင့်အရေးဖြင့် အကောက်ခွန်သက်သာခွင့်ပေးသည့် (GSP) အစီအစဉ်

## အထူးအခွင့်အရေးဖြင့်အကောက်ခွန်သက်သာခွင့်ပေးသည့် (GSP) အစီအစဉ်ဆိုသည်မှာ အဘယ်နည်း။

အမေရိကန်နိုင်ငံမှ အထူးအခွင့်အရေးဖြင့် အကောက်ခွန်သက်သာခွင့်ပေးသည့် အစီအစဉ်သည် သတ်မှတ်ထားသော အခွင့်အရေးခံစားခွင့်ရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်သွင်းသော ကုန်ပစ္စည်းများအတွက် အမေရိကန် ဈေးကွက်သို့ ဝင်ရောက်ချိန်တွင် အကောက်ခွန် ကင်းလွတ်ခွင့် ပေးခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် မြှင့်တင်ပေးသည့် အစီအစဉ်ဖြစ်သည်။ GSP ခံစားခွင့်ရှိသည့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံသို့တင်ပို့သည့် ကုန်စည် အမယ်ပေါင်း (၅,၀၀၀) ခန့်အား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်သည်။ (၎င်းသည် နိုင်ငံအားလုံးအတွက် အကောက်ခွန်ကင်းလွတ်ပေးအပ်ထားသော ရေထွက်ပစ္စည်းများနှင့် ကော်ဖီကဲ့သို့သော ထုတ်ကုန်ပစ္စည်းအမယ်ပေါင်း ၃,၈၀၀ အပြင် အခြားပစ္စည်းအမယ်များ အတွက် အကောက်ခွန်ကင်းလွတ်ခွင့် ခံစား နိုင်ခြင်းဖြစ်သည်။) GSP အစီအစဉ်ဖြင့် ဝယ်ယူသော ကုန်ပစ္စည်းများမှာ ကုန်ပစ္စည်းကုန်ကျစရိတ်၏ ၂% မှ ၂၀% ကြားတွင်ရှိသော တင်သွင်းခွန်များမှ ကင်းလွတ်ခွင့် ရှိသောကြောင့်အမေရိကန်ကုမ္ပဏီများနှင့် သုံးစွဲသူများ အနေဖြင့် GSP အစီအစဉ်မှ အကျိုးကျေးဇူးများရရှိကြသည်။ အမေရိကန်စီးပွားရေး လုပ်ငန်း များသည်၂၀၁၅ ခုနှစ်တွင် GSP အစီအစဉ်အရ အမေရိကန်ဒေါ်လာ ၁၇.၇ ဘီလီယံ ပမာဏ တန်ဖိုးရှိသော ကုန်ပစ္စည်းများကို တင်သွင်းခဲ့ကြသည်။

ကုန်စည်အမယ်များစွာသည် GSP အစီအစဉ်အရ အကောက်ခွန်ကင်းလွတ်ခွင့် ခံစားနိုင်သည်။ ယင်း ကုန်စည်များတွင် ထုတ်လုပ်မှုအများဆုံးသော အမယ်များဖြစ်သည့် ခရီးဆောင်အိတ်များ၊ ကျောပိုး အိတ်များ၊ လက်ဆွဲအိတ်များ၊ လက်ဆွဲ/ ဘေးလွယ်အိတ်များ၊ ပိုက်ဆံအိတ်များနှင့် အခြားသော လိပ်စာကဒ်ထည့်အိတ်နှင့်ဆက်စပ်အိတ်ငယ်များ၊ ထုတ်လုပ်မှုတွင် အသုံးပြုသော

ကုန်ကြမ်းပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ ကော်ဇောအမျိုးမျိုး၊ အချို့သော လယ်ယာထွက်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများ၊ ဓာတုပစ္စည်း အမျိုးမျိုးနှင့် သတ္တုတွင်းထွက်ပစ္စည်းများ ပါဝင်သည်။ ၄င်းပစ္စည်းများအနက် GSP အစီအစဉ်အရ အကောက်ခွန်ကင်းလွတ်ခွင့် မခံစားနိုင်သည့် ပစ္စည်းများမှာ အထည်အလိပ်နှင့် အဝတ်အစားအများစု၊ လက်ပတ်နာရီများ၊ ဖိနပ်အများစုနှင့် အခြားပစ္စည်းအချို့တို့ ဖြစ်သည်။

**မြန်မာနိုင်ငံမှ တင်သွင်းကုန်များအတွက် GSP အစီအစဉ်အရ အကောက်ခွန်ကင်းလွတ်ခွင့်ကို မည် ကဲ့သို့ ရရှိမည်နည်း။**

GSP ခံစားခွင့်ရှိသော တင်သွင်းမှုသည် အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီရမည်-

- GSP အစီအစဉ် ခံစားခွင့်ရှိသည့် ပစ္စည်းအမယ်များစာရင်းတွင် ပါဝင်ရမည်။ ( ပစ္စည်းစာရင်းကို အမေရိကန်နိုင်ငံဆိုင်ရာကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၏ websiteဖြစ်သည့် http://www.ustr.gov/trade-topics/trade-development/preference-programs/generalized-system-preferences-gsp/gsp-program-i-0);တွင်ကြည့်ရှုနိုင်သည်။
- မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တိုက်ရိုက်တင်သွင်းရမည်။
- မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သော ထွက်ကုန်၊ ထုတ်ကုန်၊ ကုန်ကြမ်းပစ္စည်းများ ဖြစ်ရမည်။ သို့မဟုတ် GSP ခံစားခွင့်ရှိသည့် အခြားအာဆီယံနိုင်ငံများ (ကမ္ဘောဒီးယား၊အင်ဒိုနီးရှား၊ထိုင်း၊ဖိလစ်ပိုင်)မှ ကုန်ကြမ်းပစ္စည်းများနှင့်ထုတ်လုပ်သော ပါဝင်ထုတ်လုပ်မှုတန်ဖိုးနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်စုစုပေါင်းသည် ကုန်ပစ္စည်း တန်ဖိုး၏ အနည်းဆုံး ၃၅% ပါဝင်ရမည်။

  တင်သွင်းကုန်ပစ္စည်းများကို ၃၅% အထိတွက်ချက်ပုံမှာ ကုန်စည်သည် ‘ဒုတိယအကြိမ်သိသာထင်ရှားစွာ ပုံပြောင်းလဲခြင်း’ ဆိုလိုသည်မှာ သွင်းကုန်ကုန်ကြမ်းများသည် မတူခြားနားသော ပစ္စည်းပုံစံအသစ်သို့

ပြောင်းလဲသွားခြင်းကိုဆိုလိုပြီး၊ မြန်မာနိုင်ငံတွင် နောက်ဆုံးကုန်ချော တစ်ခုဖြစ်ပြန်လည်ထွက်ရှိအောင်လုပ်ဆောင်ခြင်းကိုရည်ရွယ်သည်။

- အရေးအကြီးဆုံးသောအချက် ။ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ခြင်း (Customs and Border Protection- CBP) ဆိုင်ရာ တင်သွင်းခွင့် စာရွက်စာတမ်းများတွင် တင်သွင်းကုန်စည် အတွက် အမေရိကန်နိုင်ငံ၏ စည်းဝါးညှိအကောက်ခွန်နှုန်း (HTSUS) ပါ ကုန်စည်လိုင်း၏ ဂဏန်းများရှေ့တွင် 'A,' (သို့) 'A+'[1] ဟူသော စာလုံးများကို ဖော်ပြ၍ GSP အစီအစဉ်အရ အကောက်ခွန်ကင်းလွတ်ခွင့်ခံစားနိုင်သော ကုန်စည်အဖြစ် ကုန်တင်သွင်းသူမှ တောင်းဆိုနိုင်သည်။

ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ကုန်တင်ပို့သူများသည် GSP အစီအစဉ်အရ တင်ပို့သော ကုန်ပစ္စည်း တစ်ခုချင်းစီ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များကို ဖော်ပြထားသော မှတ်တမ်း များအား ထိန်းသိမ်းထားရပါမည်။ CBP သည် ကုန်တင်သွင်းသူ (သို့) ကုန်ထုတ်လုပ်သူအား ပို့ကုန် ပစ္စည်းသည် GSP အစီအစဉ်အရ အကောက်ခွန်ကင်းလွတ်ခွင့် ခံစားနိုင်သော တင်ပို့ကုန်ဖြစ် ကြောင်း သက်သေပြနိုင်သည့် မှတ်တမ်းများကို ပေးအပ်ရန် တောင်းဆိုနိုင်သော အာဏာပိုင်အဖွဲ့အစည်း ဖြစ်သည်။

## GSP အစီအစဉ်ဆိုင်ရာ အကောက်ခွန်သက်သာခံစားခွင့်များအားမြန်မာနိုင်ငံမှ အသုံးပြုနိုင်မှု

မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှ စတင်၍ GSP အစီအစဉ်ကို ခံစားခွင့်ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။၂၀၁၅ခုနှစ်အတွင်းမြန်မာနိုင်ငံမှ အဓိကတင်ပို့ခဲ့သော ပစ္စည်းများမှ ယခုအချိန်တွင် GSP အစီအစဉ်ခံစားခွင့်ရှိသော ပစ္စည်းများမှာ-

---

[1] A စာလုံးဖော်ပြထားသောကုန်စည်အမယ်များသည် GSP အထူးအခွန်ကင်းလွတ်ခွင့်အတွက် ခံစားခွင့်ရှိနိုင်ငံများအားလုံးအတွက် အကြုံးဝင်သည်။ A+ စာလုံးဖော်ပြထားသော ကုန်စည် အမယ်များသည် GSP အခွန်ကင်းလွတ်ခွင့်အတွက် ခံစားခွင့်ရှိသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၊ မြန်မာနိုင်ငံအပါအဝင် အတွက်အကြုံးဝင်သည်။ A* စာလုံးဖော်ပြထားသောကုန်စည်အမည်များသည် ခံစားခွင့်ရှိနိုင်ငံများထဲမှ အချို့နိုင်ငံများသည် GSP အခွန်ကင်းလွတ်ခွင့်အတွက် ခံစားခွင့်အကြုံးမဝင်တော့ခြင်းကိုကိုဆိုလိုသည်။ မြန်မာနိုင်ငံမှပို့ကုန်များသည် A* စာလုံး ဖြင့် တားမြစ်ပိတ်ပင်ထားခြင်းမရှိပါ။

(၁) ခရီးဆောင်အိတ်၊ ကျောပိုးအိတ်များ၊ လက်ဆွဲ/ဘေးလွယ်အိတ်များ၊ လက်ဆွဲအိတ်များ၊ ပိုက်ဆံအိတ်များ၊

(၂) ပဲအခြောက်နှင့် ပဲစိမ်းများ၊

(၃) အလူမီနီယမ် ဖြစ်ပစ္စည်းများ၊

(၄) ပျားရည်၊

(၅) တာရှည်ခံအောင် ပြုပြင်ထားသည့် သစ်သီးများနှင့် အသီးအရွက်များဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နောင်အနာဂတ်တွင် GSP အစီအစဉ်ဖြင့် အမေရိကန်နိုင်ငံသို့ များစွာသောကုန် ပစ္စည်းများကို တင်ပို့နိုင်တော့မည် ဖြစ်သည်။ အောက်တွင် ဖော်ပြထားသော ဇယားသည် အမေရိကန် ဒေါ်လာတစ်သန်းထက် ပိုသော GSP အခွင့်အရေးခံစားခွင့်ရှိသည့် HS ဂဏန်း (၈) လုံး အဆင့်ဖြင့် တင်ပို့ခဲ့သော ပို့ကုန်အမယ်များဖြစ်သည်။

| 8 Digit Harmonized Tariff Line Number | 2015 exports to the United States | Product Brief description | Duty rate for non-GSP countries |
|---|---|---|---|
| 42029215 | $5,681,490 | Travel, sports and similar bags with outer surface of cotton, not of pile or tufted construction | 6.30% |
| 42029245 | $5,274,859 | Travel, sports and similar bags with outer surface of plastic sheeting | 20.00% |
| 42029230 | $3,810,123 | Travel, sports and similar bags with outer surface of other textile materials | 17.60% |
| 42029100 | $3,312,754 | Cases, bags and containers nesi, with outer surface of leather, of composition leather | 4.50% |
| 42022215 | $3,251,184 | Handbags, with or without shoulder straps or without handle, with outer surface of sheeting of plastics | 16.00% |
| 04090000 | $2,672,431 | Natural honey | 1.9 cents/kg |

| 8 Digit Harmonized Tariff Line Number | 2015 exports to the United States | Product Brief description | Duty rate for non-GSP countries |
|---|---|---|---|
| 42022190 | $2,493,957 | Handbags, with or without shoulder strap or without handle, with outer surface of leather, composition or patent leather, nesi, over $20 ea. | 9.00% |
| 07133140 | $1,721,890 | Dried beans, shelled, if entered September 1 through the following April 30, or withdrawn for consumption at any time | 0.3 cents/kg |
| 07134020 | $1,261,281 | Dried lentils, shelled | 0.15 cents/kg |
| 42023160 | $1,026,181 | Articles of a kind normally carried in the pocket or handbag, with outer surface of leather, composition or patent leather, nesi | 8.00% |

**အချက်အလက်များကိုထပ်မံသိရှိလိုပါက-**

The GSP Guidebook: https://ustr.gov/sites/default/files/GSP-Guidebook-September-16-2016.pdf

The U.S. Harmonized Tariff System:https://hts.usitc.gov/ or https://www.usitc.gov/tata/hts/archive/index.htm

Lists of GSP-eligible products: https://ustr.gov/issue-areas/trade-development/preference-programs/generalized-system-preferences-gsp/gsp-program-i-0

CBP import procedures information:https://www.cbp.gov/trade

Record-keeping requirements:https://www.cbp.gov/trade/trade-community/outreach-programs/entry-summary/recordkeeping

Sample CBP Entry Form 7501: https://www.cbp.gov/sites/default/files/documents/CBP%20Form%207501_0.pdf